အုန်းတောကျေးရွာ

ရွှေကူကျေးရွာအုပ်စု ၊တန့်ဆည်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အုန်းတောကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊တန့်ဆည်မြို့နယ်၏

အကူအညီဖြင့်ရေးဆွဲပါသည်။)

၂၀၂၀ပြည့်နှစ် ၊ ဇူလိုင် လ

မာတိကာ

အုန်းတောကျေးရွာသယံဇာတအရင်းအမြစ်ပြမြေပုံ၊တန့်ဆည်မြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ အုန်းတောကျေးရွာ၏ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) အုန်းတောကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂) အုန်းတောကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၅။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

အုန်းတောကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊တန့်ဆည်မြို့နယ်အတွင်းတည်ရှိပြီးရေဦး-တမာတော-ကံထူးမ-ကလေးဝအာဆီယံလမ်းနှင့်(၁)ဖါလုံခန့်အကွာတွင်ရှိ၍ မြို့နယ်ရုံးတည်ရှိသော တန့်ဆည်မြို့နှင့်(၈)မိုင်ခန့်ကွာဝေးပြီး ဆက်သွယ်သွားလာမှုလွယ်ကူပါသည်။မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကစီးပွါးရေးလုပ်ငန်းမှာလယ်/ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ကျေးရွာ၏ပတ်ဝန်းကျင်သည် မြေပြန့်ဒေသဖြစ်သဖြင့်လယ်/ယာမြေများ ပေါများသော်လည်း မိုးကောင်းအရပ်ဒေသဖြစ်သဖြင့် နှစ်စဉ်ရာသီဥတုကောင်းမွန်သည်ဟုမရှိချေ။ မိုးကောင်းမွန်စွာရွာသောနှစ်တွင် သီးနှံများအောင်မြင်ပြီး မိုးနည်းသောနှစ်များတွင် အသီးအနှံအထွက်နှုံးကျဆင်းကြောင်းတွေ့ရှိရသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

လယ်ယာမြေဧကပေါများသော်လည်း မိုးကောင်းဒေသဖြစ်သဖြင့် သီးနှံအထွက်နှုံးနည်းပါသည်။ ယာမြေ(၉၁)ဧကတွင်မိုးရာသီနှင့် ဆောင်းရာသီမြေပဲဟူ၍စိုက်ကျပြီးလယ်မြေ(၁၆၉)ဧကတွင် မိုးစပါးကို တစ်သီးစားစိုက်ပျိုးကြသည်။စိုက်ပျိုးရေးကိုမိုးရွာမှသာလျှင်ရရှိပြီး မိုးနည်းသောနှစ်များတွင်မြေအောက် ရေကို အသုံးပြုစိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၅၃)စုနှင့်ကျား(၁၃၄)ဦး၊မ(၁၇၁)ဦးဖြင့်လူဦးရေပေါင်း(၃၀၅)ဦးရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှ(၃.၀၅)ဦးရှိပါသည်။ကျေးရွာတွင်ဗမာလူမျိုး၊ဗုဒ္ဓဘာသာကိုးကွယ်ကြသူများနေထိုင်ကြသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးများသည်အမျိုးသားဦးရေထက်များပြားသောကြောင့် အမျိုးသမီးလုပ်ကိုင်နိုင်သည့်လုပ်ငန်းများကိုဖန်တီးပေးနိုင်ပါကလူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက်အကူပြုစေနိုင်ပါသည်။ ကျေးရွာလူထု၏အဓိကဝင်ငွေရရှိသည့် လုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အိမ်ထောင်စုအားလုံး၏ဝင်ငွေသည်လျော့နည်းသည်။ဆင်းရဲ ချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၆၁%)သည် မပြေလည်သောအိမ်ထောင်စု(၃၀%)သည် အလယ်အလတ်အဆင့်၊(၉%)သည်ပြေလည်သောအိမ်ထောင်စုအဆင့်ဖြစ်သည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော်လည်းရာသီဥတုမမှန်ကန်မှုကြောင့် ဝင်ငွေစီးပွားရေးကောင်းသည်ဟုမဆိုနိုင်ပါ။ အိမ်ထောင်စုအချို့မှာ လက်သမား၊ပန်းရံနှင့်အခြားဝင်ငွေရလုပ်ငန်းများ

လုပ်ကိုင်ခြင်းဖြင့်လည်းကောင်း၊အစိုးရဝန်ထမ်းများလည်း လစဉ်ဝင်ငွေရရှိသည့်အတွက်စီးပွားရေးအသင့်အတင့်အဆင်ပြေကြသည်။ ယင်းတို့အနက် မြေယာမဲ့လက်လုပ်လက်စား အဆင်မပြေသောအိမ်

ထောင်စုများပါဝင်ပါသည်။ကျေးရွာတွင် မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု အရေအတွက်နည်းပါးသော်လည်း ရာသီအလိုက် စီးပွားရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး အခြားသောဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှမပြေလည်သောအဆင့် (၆၁%)ကိုေလ့လာဆန်းစစ်မှုအရ (၃၀%)ခန့်မှာ တပါးသူထံမှ ကြိုတင်ချေးငွေယူ၍ သုံးစွဲရကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် ကြုံတွေ့ခဲ့ရသောအိမ်ထောင်စုအားလုံးသည် (၅၀၀၀၀)ကျပ်မှ (၁၀၀၀၀၀)ကျပ်တင်ရှိနေကြသည်။ ချေးငွေများကို ကျေးရွာရှိအများပိုင်ရန်ပုံငွေများမှချေးယူကြသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာတွင်စိုက်ပျိုးရေးကိုအဓိကထားပြီး လုပ်ကိုင်ကြသော်လည်း မိုးလေဝသမမှန်ကန်မှုကြောင့်သီးနှံဖြစ်ထွန်းမှုနည်းသည်။ မြေယာလူတန်းစားနှင့် လယ်မြေဧကနည်းသောသူများသည်စိုက်ပျိုးချိန်မဟုတ်သောကာလတွင်အခြားဒေသသို့သွားရောက်၍ လက်သမား၊ပန်းရံစသည်ဖြင့် မိမိတို့ကျွမ်းကျင်ရာလုပ်ငန်းတို့ဖြင့်ဝင်ငွေရရှိနိုင်ရန်လုပ်ကိုင်ကြရသည်။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက်စားကျက်မြေနည်းခြင်း၊မိုးလေဝသမမှန်ကန်သော နှစ်များတွင် နွားစာများရှားပါးခြင်းတို့ကြောင့်အချို့သောတောင်သူများလျှင်နွားမွေးမြူကြသည်။ ကြက်နှင့်ဝက်ကို ဘာသာရေးအယူအဆကြောင့်မွေးမြူခြင်းမရှိပါ။ အဓိကစိုက်ပျိုးသီးနှံများဖြစ်သောစပါးနှင့်မိုးမြေပဲ၊ဆောင်းမြေပဲတို့မှာ ရာသီဥတုကိုအခြေခံ၍မိုးစပါးတစ်ဧကလျှင်ပျမ်းမျှ(၂၅)တင်းမှ(၃၅)တင်းအထိထွက်ရှိပါသည်။မြေအတန်းအစားကောင်းမွန်သောမြေအချို့တွင် တဧကလျှင်(၅၀)တင်းအထိထွက်ရှိပါသည်။ မြေပဲကိုမိုးမြေပဲ၊ဆောင်းမြေပဲနှစ်သီးစား စိုက်ပျိုးကြပြီး မြေပဲတဧကလျှင်ပျမ်းမျှ(၄၀)တင်းမှ(၅၀)တင်းအထိထွက်ရှိပါသည်။ဆောင်းမြေပဲစိုက်လျှင်သီးညှပ်အဖြစ်ပဲတီစိမ်း၊စွန်တာနီ၊ ပဲလွန်းဖြူနှင့်ခရမ်းချဉ်တို့ကိုအနည်းငယ်စိုက်ပျိုးကြပါသည်။မြေဩဇာတွင်သဘာဝမြေဩဇာများလိုအပ်သော်လည်း ယခုအခါနွားမွေးမြူသူနည်းပါးသည့်အတွက် နွားချေးမြေဩဇာနည်းသွားသည်။ဓာတ်မြေဩဇာများကိုလည်းနည်းစနစ်မှန်စွာ သုံးစွဲတတ်ရန် ဟောပြောပွဲများပြုလုပ်သင့်ကြောင်း တွေ့ရှိရသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောရေသုံးစွဲနိုင်ရန်အဝီစိတွင်းရေကိုအသုံးပြုကြသည်။ ကျေးရွာအိမ်ထောင်စု(၉၀%)ခန့်သည် ကိုယ်ပိုင်အဝီစိတွင်းရေကိုအသုံးပြုနိုင်ကြသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို(၂၀၁၅)ခုနှစ်တွင်ဖွဲ့စည်းခဲ့သည်။ကျေးရွာအိမ်ထောင်စုများ

မှစရိတ်ထည့်ဝင်ပြီး မြို့နယ်လျှပ်စစ်ဌာနသို့တင်ပြ၍လျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာမှ စုစည်း၍ လမ်းမီးတိုင်များ ဝယ်ယူစိုက်ထူခြင်းများ ၊ မီးလိုင်းများဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့်တောင်သူလယ်သမားများအတွက်လိုအပ်သောစိုက်ပျိုးရေးစရိတ်ချေးငွေများကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀/)ကျပ်နှုန်းဖြင့်ငွေထုတ်ချေးပါသည်။ တောင်သူလယ်သမားများအတွက်သာမကဘဲအခြားသော စီးပွားရေးလုပ်ငန်းများ ထူထောင်ရန်နှင့်တနိုင်တပိုင်မွေးမြူရေးအတွက်ချေးငွေများလိုအပ်ပါသည်။

(c) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံအရေး/အဖတ်အတွက်တို့ကို တတ်မြောက်ပြီးအလယ်တန်းအဆင့်အောင်မြင်သူများ ၊တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသောကြောင့် ရွာရှိမူလတန်းကလေးငယ်များ ကျောင်းတက်ရာတွင် အခက်အခဲမရှိကြောင်း တွေ့ရှိရပြီး အလယ်တန်းပညာကို ကျေးရွာနှင့် (၁)ဖာလုံခန့်ကွာဝေးသော လယ်တီးကျေးရွာအခြေခံပညာလယ်တန်းကျောင်းခွဲသို့တက်ရောက်သင်ယူရပါသည်။ အထက်တန်းပညာကို ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသော ကံထူးမအခြေခံပညာအထက်တန်းကျောင်းသို့တက်ရောက်သင်ယူကြပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည်အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြသည်။ ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ခြင်း အခြားဒေသများသို့သွားရောက်ဝင်ငွေရှာခြင်းတို့ကြောင့်ဝင်ငွေအသင့်အတင့်ရှိသောကြောင့်ကျေးရွာအိမ်ထောင်စုဝင်များနှင့် ကလေးငယ်များအပါအဝင်ယေဘုယျအားဖြင့်အာဟာရချို့တဲ့မှုမရှိပါ။ အမျိုးသမီးများနှင့် ကလေးငယ်များ၏ကျန်းမာရေးစောင့်ရှောက်မှုကိုကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသောကံထူးမကျေးရွာ ကျန်းမာရေးဌာနမှရရှိသည်။ကျန်းမာရေးဌာနမှ ဘက်စုံသားဖွားဆရာမများ၏ အခြေခံကျန်းမာရေး စောင့်ရှောက်ခြင်းဝန်ဆောင်မှုများရရှိကြပါသည်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးသူငယ်များအတွက်ကာကွယ်ဆေးများကိုလည်း လစဉ်ပုံမှန်ထိုးပေး ပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေ/ယာမြေများသည်နှစ်စဉ်သီးနှံစိုက်ပျိုးခြင်း၊ဓာတုဗေဒကွန်ပေါင်း ဓာတ်မြေဩဇာများ အသုံးပြုခြင်း၊ သဘာဝမြေဩဇာများနှစ်စဉ်မထည့်သွင်းနိုင်ခြင်းကြောင့်မြေဆီ လွှာပျက်စီးမှုများကြုံတွေ့နေရပါသည်။ဆောင်းသီးနှံဟင်းသီးဟင်းရွက်နှင့် ပဲတီစိမ်းစိုက်ခင်းများတွင် ပေါင်းသတ်ဆေး၊မှိုသတ်ဆေး၊ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓာတ်ကြွင်းအန္တရာယ်များလျော့ပါး ရေးအတွက်ဘေးကင်းလုံခြုံမှုရရှိရန် လိုက်နာဆောင်ရွက်ရာတွင် အားနည်းသေးကြောင်းတွေ့ရှိရပါ သည်။

(ဇ) ကျား-မ ရေးရာ

ကျား-မဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား များကဦးဆောင်လေ့ရှိကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အမျိုးသမီများသည်ပေါင်း နှုတ်ခြင်း၊ကောက်စိုက်ခြင်း၊စပါးရိတ်ခြင်း၊အမျိုးသားများသည်လယ်ထွန်ခြင်း၊ပျိုးနှုတ်ခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ဘာသာရေးပွဲများတွင် အမျိုးသမီးများနှင့် အမျိုးသားများပူးပေါင်း ဆောင်ရွက်ကြသည်။လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသားများသည်အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင်အခန်းကဏ္ဍနည်းပါးနေသေး ကြောင်းတွေ့ရသည်။မူလတန်းပညာရေးမှ တက္ကသိုလ်ပညာရေး အထိကျား-မတန်းတူအခွင့်ရေးရှိ သည်။

(စျ) လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာရှိလူငယ်များတွင် အလယ်တန်းအဆင့်တတ်မြောက်သူအများအပြားရှိသည်။ အသက်မွေးပညာများပေးလျှင်အလွယ်တကူသင်ယူတတ်မြောက်နိုင်သည့်လူငယ်လူရွယ်အမျိုးသမီး များရှိပါသည်။ သို့သော်အသက်မွေးလက်မှုပညာများအားနည်းနေသည့်အတွက်ကျေးရွာနှင့်ကိုက်ညီ သော အသက်မွေးလုပ်ငန်းများလည်းမရှိပြည်ပသို့အလုပ်ထွက်လုပ်သော်လည်း အသက်မွေးပညာ စက်ပြင်၊စက်ချုပ်၊ဝရိန်၊လက်သမား၊ပန်းရံစသည်များ မကျွမ်းကျင်သဖြင့်အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုနည်းပါးသည်။ အားလပ်ချိန်များတွင်အားကစားပြုလုပ်ရန် အားကစားပစ္စည်းမပြည့်စုံ၊သတ် သတ်မှတ်မှတ်နေရာမရှိ၊ စာဖတ်ချင်စိတ်ရှိအောင်ပြောမည့်သူမရှိ၊ စာကြည့်တိုက်မရှိခြင်း၊ဖုန်းဖြင့် အင်တာနက်အသုံးပြုနိုင်သော်လည်း အကျိုးရှိရှိအသုံးပြုနိုင်သည့်နည်းလမ်းမသိရှိသေးသောကြောင့်

လူငယ်ဖွံ့ဖြိုးရေးမှာ အားနည်းနေပါသေးသည်။ ယဉ်ကျေးမှုဓလေ့အရကျေးရွာလူငယ်များမှာနှစ်စဉ် ရာသီအလိုက်ဘာသာရေးပွဲများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးကျေးရွာရှိလူမှုရေးဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ကြိုးစားပါဝင်ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိရပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) –အုန်းတောကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ (၂) အုန်းတောကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

| ๑ | | | | | | ๑ | ๖ | ๑ | ๑ | ๑

တနင်္သာရီတိုင်းဒေသကြီး (?) တန့်ဆည်မြို့နယ်   ရွှေကူ အုပ်စု၊ အုန်းတောကျေးရွာ၊ ဖွံ့ဖြိုးရေးမဟာဗျူဟာတည်ဆောက်မှုအခြေပြဇယား

လူငယ်အဖွဲ့

ရက်စွဲ၊

စဉ်	ပြဿနာ	ပြဿနာရဲ့အကြောင်း အရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	လူငယ်ဖွံ့ဖြိုးရေးနှောင့်နှေးလ ာခြင်း	အကြမ်းဖက်မှုဆိုင်ရာ၊ လူကုန်ကူးမှုဆိုင်ရာမူး ယစ်ဆေးဝါးဆိုင်ရာ အသိအမြင်နည်းပါး ပါသည်။	လူငယ်များစာဖတ်သည့် အလေ့အထများရှိခြင်း	စာပေဟောပြောပွဲများမရှိသ လောက်ရှားပါးခြင်း၊ငွေကြေး မပြည့်စုံခြင်း	လူငယ်များဗဟုသုတရရှိနိုင် ရန်သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွား ပါမည်။	သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက် ဆောင်ရွက်သွားပါမည်။

တန့်ဆည်မြို့နယ်   ရွှေကူ အုပ်စု၊ အုန်းတောကျေးရွာ၊ ဖွံ့ဖြိုးရေးမဟာဗျူဟာတည်ဆောက်မှုအခြေပြဇယား

လယ်သမားအဖွဲ့

ရက်စွဲ၊

စဉ်	ပြဿနာ	ပြဿနာရဲ့အကြောင်း အရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာစိုက်ပျိုးတောင်သူများသည်စိုက်ပျိုးရေးနည်းပညာအားနည်းခြင်း	မိရိုးဖလာနည်းဖြင့်စိုက်ပျိုးလာခဲ့ပြီးမျိုးကောင်းမျိုးသန့်များအကြောင်းနားမလည်ပါ	မိုးကောင်းသောက်လယ်မြေ (၁၆၉)ကေရှိပါသည်	မိုးကောင်းသောက်လယ်မြေများဖြစ်သဖြင့် စိုက်ပျိုးရေမလုံလောက်ပါ၊	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့်လယ်သမားအဖွဲ့ပူးပေါင်းဆောင်ရွက်သွားပါမည်	သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်

ရပ်မိရပ်ဖအဖွဲ့

တန့်ဆည်မြို့နယ် ရွှေကူ အုပ်စု၊ အုန်းတောကျေးရွာ၊ ဖွံ့ဖြိုးရေးမဟာဗျူဟာတည်ဆောက်မှုအခြေပြဇယား

ရက်စွဲ၊

စဉ်	ပြဿနာ	ပြဿနာရဲ့အကြောင်း အရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာတွင်းလမ်းများကောင်းမွန်ခြင်းမရှိပါ	မြေသားလမ်းဖြစ်ပြီးရေနုတ်မြောင်းမရှိသဖြင့်မိုးတွင်း အခါသွားလာရခက်ခဲခြင်း	ကျေးရွာမှကိုယ်ထူကိုယ်ထမြေသားဖို့ကာသွားလာနေကြကြောင်းသိရှိရပါ သည်။ရန်ပုံငွေတချို့နှင့်လုပ်အားပေးနိုင်ပါသည်	ကျေးရွာဖွံ့ဖြိုးရေးကိုတစ်စဉ်တစိုက် လုပ်ဆောင်မည့်အဖွဲ့အစည်းမရှိခဲ့ပါလို့အပ်သောစက်များငှားရမ်းရန်ငွေကြေးမလုံလောက်ခဲ့ပါ	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်ပြီး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးလက်လမ်းများကောင်းမွန်ရေး လမ်းဘေးဝဲယာရေနုတ်မြောင်းများတူးဖော်ခြင်း၊ကျေးရွာတွင်းလမ်းများကောင်းမွန်အောင်ကျောက်ချောလမ်းခင်းခြင်း
၂	မူလတန်းဆရာ/ဆရာမများအတွက်ဝန်ထမ်းအိမ်ရာမပြည့် စုံခြင်း	အခြားဒေသမှဆရာ/ဆရာမများလာရောက်ပါက်ဝန်ထမ်းထမ်းအိမ်ရာမဆောက်နိုင်ခြင်း	ဆရာ/ဆရာမများအတွက် ယာယီအဆောင်များဆောက်ပေးထားပါသည်။	ဝန်ထမ်းအိမ်ယာများဆောက်လုပ်ရန်အတွက်ငွေကြေးမပြည့်စုံပါ	ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်	ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်

๑	๒	๓	๔	๕	๖
๑	๒	๓	๔	๕	๖
๒	๓	๔	๕	๖	๗
๓	๔	๕	๖	๗	๘
๔	๕	๖	๗	๘	๙
๕	๖	๗	๘	๙	๑๐

๑๕๑๖

တန့်ဆည်မြို့နယ်   ရွှေကူ အုပ်စု၊ အုန်းတောကျေးရွာ၊ ဖွံ့ဖြိုးရေးမဟာဗျူဟာတည်ဆောက်မှုအခြေပြဇယား

နှက်ပျိုးမွေးမြူရေးမဟုတ်သောအ၊

ရက်စွဲ၊

စဉ်	ပြဿနာ	ပြဿနာရဲ့အကြောင်း အရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	အလုပ်အကိုင်အခွင့်အလမ်းမများရှားပါးခြင်း	ကျပန်းအလုပ်သမားများရှိခြင်း	ရာသီအလိုက် စိုက်ပျိုးရေးနှင့်အခြားသက်မွေးပညာများတွင်လုပ်ကိုင်ခြင်း	အသက်မွေးဝမ်းကြောင်းပညာအားနည်းခြင်း	သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်	သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်

တန်ဆည်မြို့နယ် –အုန်းတောကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၂	၅
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၅	၁၁	၂၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၀	၁၆	၂၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၁၃	၂၄
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၇	၁၁၁	၁၉၈
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၁၈	၂၆
စုစုပေါင်း		၁၃၄	၁၇၁	၃၀၅
စုစုပေါင်း အိမ်ထောင်စု				၅၃

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)

နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)

နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)

နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)

နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)

နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)

နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - အလုပ်လုပ်နိုင်သည့်အရွယ်များပြားပြီး အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၄၃	၉၄	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၁၀	၂၂	၆၁	မြင့် ☐လတ်☑နိမ့်☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၅	၆	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၀	၂၂	၀	☒
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐နိမ့်☑
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ယာလုပ်ငန်းအပြင် အခြားစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့်
လက်သမားပန်းရံလုပ်ငန်းတို့တွင် ကျား မ လုပ်အားခမှာ အနည်းအကျဉ်းကွာဟမှု ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၆၉	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၁	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၅၅၀.၅	☒		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွ
နှ့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။
လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာ၏မြေအမျိုးအစားမှာ
ကောင်းမွန်ပြီးမိုးကောင်းတောများဖြင့်သဖြင့် စိုက်ပျိုးရေ လုံလောက်စွာမရရှိနိုင်ပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - သဘာဝအရင်းအမြစ်ရှားပါးပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ
ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၂၈	၁၄	၁

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အလယ်အလတ်ရှိသောအိမ်ထောင်စုများပါသည်။

(၄) ထိခိုက်လွယ်မှု

(၄-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် သက်ကြီးရွယ်အိုများကို သားသမီးများက စောင့်ရှောက်မှုပေးပြီး မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိသည်ကို တွေ့ရှိရပါသည်။
အေးချမ်းစွာတရားဘာဝနာပွားများနေနိုင်တာကိုလည်း တွေ့ရပါသည်။ မိသားစုဝင်များပြီး မုဆိုးဖို တခုလပ် မုဆိုးမ အိမ်ထောင်စုများရှိသော်လည်း တရားလွန်ကြီး ဆင်းရဲမှု မရှိတာကို တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)		
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၃	ရေကြီးခြင်း	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၄	မိုးခေါင်ခြင်း	မြင့်☐ မရှိ☐	လတ်☐	နိမ့်☑
၅	အအေးလွန်ကဲခြင်း	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၆	မုန်တိုင်း	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၇	ငလျင်	မြင့်☐ မရှိ☐	လတ်☐	နိမ့်☑
၈	မီးဘေး	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၁၂	ငှက်ဖျားရောဂါ	မြင့်☐ မရှိ☐	လတ်☐	နိမ့်☑
၁၃	တီဘီရောဂါ	မြင့်☐	လတ်☐	နိမ့်☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)		
		မရှိ☑		
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်☐ မရှိ☐	လတ်☐	နိမ့်☑
၁၇	လူကုန်ကူးခြင်း	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - မိုးကောင်းသောလယ်မြေများဖြစ်သဖြင့် စိုက်ပျိုးရေးလုံလောက်စွာ မရရှိပါ။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)		
၁	လူငယ်	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☐ မရှိ☐	လတ်☐	နိမ့်☑
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐ မရှိ☑	လတ်☐	နိမ့်☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)		
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်□	လတ်□	နိမ့်□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□	လတ်□	နိမ့်□
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□	လတ်□	နိမ့်□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□	လတ်□	နိမ့်□
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□	လတ်□	နိမ့်□
၁၁	လူနည်းစုလူမျိုးများ	မြင့်□	လတ်□	နိမ့်□
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်□	လတ်□	နိမ့်□
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□	လတ်□	နိမ့်□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□	လတ်□	နိမ့်□
၁၅	ဆေးစွဲသူများ	မြင့်□	လတ်□	နိမ့်□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□	လတ်□	နိမ့်□
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်□	လတ်□	နိမ့်□
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□	လတ်□	နိမ့်□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□	လတ်□	နိမ့်□
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□	လတ်□	နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - လယ်ယာလုပ်ငန်းလုပ်ကိုင်သူများဖြင့် အဆိပ်ရှိသတ္တဝါများ၏ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁ ☐ ၂ ☑ ၃ ☐	၇	၀	၇	ပညာရေး ☑ ဌေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	လူငယ်	၁ ☐ ၂ ☑ ၃ ☐	၁၀	၃	၁၃	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	အမျိုးသမီး	၁ ☐ ၂ ☑ ၃ ☐	၀	၇	၇	ပညာရေး ☑ ဌေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ပရဟိတ	၁ ☑ ၂ ☐ ၃ ☐	၃၅	၁၅	၅၀	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့်	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ကာကွယ်ရေး ☐	
၅		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်း အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ကြပြီး သာရေးနာရေးကိစ္စများအတွက် ပရဟိတအဖွဲ့လည်းရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □
၃		၁□၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □
၆		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
		၄□ ၅□ ၆□ ၇□	ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ပြင်ကအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်မှု မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၀	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၀	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေ		၅၃	☒

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
။ငိုး			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု နည်းပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ
ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)
ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာရှိလယ်ယာမြေများမှာ မိုးကောင်းတောများဖြစ်သဖြင့် အချို့နေရာများတွင် အဝီစိတွင်းများတူးဖော်ကာ စပါးစိုက်ပျိုးရန်ဖြစ်သည်။ စပါးစိုက်ရန်အတွက် ပုဂ္ဂလိက (၅)ပေါက်တွင်းများအား တူးဖော်စိုက်ပျိုးနေသည်ကို တွေ့ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၁၆၉	တင်း	၃၀	၅၀	၄၀	ဝါဆို	နတ်တော်	မြင့် □ လတ် ☑ နိမ့်□	မြင့် □ လတ် ☑ နိမ့်□
မြေပဲ	၉၁	တင်း	၄၀	၅၀	၃၀	သီတင်းကျတ်	တပို့တွဲ	မြင့် □ လတ် ☑ နိမ့်□	မြင့် □ လတ် ☑ နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - မိုးကောင်းသော လယ်ယာမြေများဖြစ်သဖြင့် စပါးအထွက်နှုန်း နည်းပါးသည်။ ထို့ကြောင့် သွင်းအားစုလိုအပ်ချက်များပြီး အမြတ်နည်းပါးသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ပွားရမ်းလုပ်ကိုင်နေသောေဒသအရေအတွက်
ထွန်စက်	၀	၀	၀	၄၉
လက်တွန်းထွန်စက်	၁၁	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၄၉
ရိတ်သိမ်းစက်	၀	၀	၀	၄၉
ခြွေလှေ့စက်	၂	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကိုယ်ပိုင်ထွန်စက်မရှိသော သူများမှာ
ပွားရမ်းလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆို☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆို☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်☑ မဖြေဆို☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆို☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆို☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)
	မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☑ သီးနှံများကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာရှိ လယ်ယာမြေများလိုအပ်သည့် ခါတ်မြေအောဇာများ ပိုးသတ်ဆေးများကို မြို့နယ်မှရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှု များသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇ နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ေဆာင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - မိုးကောင်းတောလယ်ယာမြေများဖြစ်သဖြင့် မိုးရေသည်သာစိုက်ပျိုးရေးအရင်းအမြစ်ဖြစ်သည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၄၉	၁၂၄
နို့စားနွား	၀	၀

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၀	၀
ကြက်	၀	၀
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
